ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်၏
# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရခိုင်ပြည်နယ်လွှတ်တော်

၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥပဒေအမှတ် ၃ ။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် သက်ဆိုင်စေပြီး ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

### အခန်း(၁)

### ရငွေများနှင့်သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည်ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေ

အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေ သို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံ ကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ၊ ချေးယူရငွေတို့သည်လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

**အခန်း (၂)**

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံ ကြီးကြပ် ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊လျော့၍ဖြစ်စေရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက်ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်း ဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများအပြည့်အဝ ရရှိစေရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများအရ ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းပေးနိုင်သည်။ ထိုသို့ ခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေ

စာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သောတည်ဆဲဥပဒေများ၊နည်းဥပဒေများ၊စည်းမျဉ်းများ၊စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များအရခွင့်ပြုထားသောအခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း (၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၆။ (က) နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့်အညီဆောင်ရွက်ကြရာတွင်အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများသည် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှါ ပြည်နယ်၏ဘဏ္ဍာ ရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅)နှင့်(၆)တို့တွင် ဖော်ပြထားသည့်ရငွေ များနှင့်သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံ တော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်ရည်မှန်းထားသော ငွေများဖြစ်သည်၊

(ခ) နိုင်ငံတော်ပိုင် စီးပွာရေး အဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရ သည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅)နှင့်(၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေ တို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေ တို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ဂ) ရငွေများကို စီမံ ကြီးကြပ် ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွား ရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ် လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ဤဥပဒေအရ ခွင့်ပြုထားသော ငွေများအတွင်း ပြောင်းလဲပေး နိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ် လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင် ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက် ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို

အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ဤဥပဒေအရ ခွင့်ပြုထားသော ငွေများအတွင်း ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

လှမောင်တင်
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၁၆၇၀၀.၀၀၀ | | | |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၂.၄၇၃ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၁၃၃ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၆၂ | | | | | | |
| | | **ပေါင်း** | | | **၁၂.၆၆၈** | | | **၁၆၇၀၀.၀၀၀** | | | |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၁၂၆.၆၆၈ | | ၁၆၇၀၀.၀၀၀ | ၃၄၃၇၅.၂၈၆ | | | |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇၇၂.၄၃၄ | | | ၅၀၇၇.၉၄၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၃.၂၀၀ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄၉၈.၁၁၇ | | | ၁၅၉၁.၉၇၅ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၆၅၂.၃၃၅ | | | ၂၁၃.၇၀၆ | | | |
| | | **ပေါင်း** | **၅၁၀၂.၇၅၄** | | **၁၆၇၀၀.၀၀၀** | **၄၁၂၅၈.၉၀၇** | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | **ပြည်နယ်ဝန်ကြီးချုပ်သို့မဟုတ်ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၂၆၂.၀၄၂** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၆၂.၀၄၂ | | | | | | | | |
| ၂ | | **နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်တွင်ကောက်ခံသည့်အခွန်အကောက်** | **၎င်း** | **၂၃၆.၃၃၃** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၇.၈၇၉ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀.၁၇၃ | | | | | | | | |
| | ၃ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၂၂.၆၉၀ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၂.၅၄၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၀၃.၀၄၄ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင်သာယာရေးအဖွဲ့များမှကောက်ခံသည့်အခွန်** | **၎င်း** | **၁၉၃.၅၇၂** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၁၆၁.၇၀၆ | | | | | | | | |
| | ၂ | ဘီးခွန် | | ၃၁.၈၆၆ | | | | | | | | |
| ၄ | | **ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | **၎င်း** | | **၁၀၈၅.၇၅၁** | | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၅.၀၀၇** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄.၈၆၇ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၄၅ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၀.၀၉၅ | | | | | | |
| ၆ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **၎င်း** | | | **၄.၅၅၂** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁.၁၅၂ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃.၄၀၀ | | | | | | |
| ၇ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **၎င်း** | | | **၂.၆၈၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂.၆၈၀ | | | | | | |
| ၈ | | **ဘဏ္ဍာရေး** | **၎င်း** | | | **၀.၀၅၀** | | | **၁၃၂၂၈၂.၇၀၄** | | **၁၀၀၈၃.၂၁၃** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၀၅၀ | | | ၁၃၂၂၈၂.၇၀၄ | | ၁၀၀၈၃.၂၁၃ | |
| ၉ | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၀.၃၁၃** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၃၁၃ | | | | | | |
| | ၂ | အဆောက်အအုံနှင့်လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | | | | | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၀ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | | | **၀.၀၂၁** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၂၁ | | | | | | |
| ၁၁ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **၎င်း** | | | **၂၂.၁၅၃** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၈.၂၈၅ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၃.၈၆၈ | | | | | | |
| ၁၂ | | **သမဝါယမ** | **၎င်း** | | | **၁.၇၂၈** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁.၀၁၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | | | ၀.၇၁၂ | | | | | | |
| ၁၃ | | **အားကစား** | **၎င်း** | | | **၅.၉၁၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၅.၉၁၀ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | | | **၃၁၄၇.၅၇၃** | | | | | | |
| | | **ပေါင်း** | | ၆၉၁.၉၄၇ | ၁၀၈၅.၇၅၁ | ၃၁၈၉.၉၈၇ | | | ၁၃၂၂၈၂.၇၀၄ | | ၁၀၀၈၃.၂၁၃ | |

# ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| **၁** | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသ** | **၆၇၈၈.၈၂၈** | | | **၄၉၉၈.၂၆၂** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၅၉၉၉.၈၀၀ | | | ၃၃၁၆.၅၄၂ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၃၁.၉၂၈ | | | ၃၀၃.၀၄၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၆၅၇.၁၀၀ | | | ၁၃၇၈.၆၈၀ | | | |
| **၂** | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | **၎င်း** | **၃၁၇၈.၂၆၈** | | | **၃၇၅၃.၉၆၇** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၆၃.၄၉၅ | | | ၁၈၈၇.၈၀၇ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၈၀၆.၆၀၇ | | | ၁၆၁၄.၉၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၀၈.၁၆၆ | | | ၂၅၁.၂၆၀ | | | |
| **၃** | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **၎င်း** | **၇၇၄.၁၇၉** | | | **၁၆၄.၆၀၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၇၇၄.၁၇၉ | | | ၁၆၄.၆၀၀ | | | |
| **၄** | | **ဘဏ္ဍာရေး** | **၎င်း** | **၆၂.၂၈၆** | | | **၂၂၇.၉၉၉** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၆၂.၂၈၆ | | | ၂၂၇.၉၉၉ | | | |
| **၅** | | **ဆောက်လုပ်ရေး** | **၎င်း** | **၅၃၉၂၃.၈၅၈** | | | **၇၈၇၇.၃၀၉** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၀၂.၁၆၆ | | | ၁၂၁၁.၂၉၅ | | | |
| | ၂ | အဆောက်အအုံနှင့်လမ်းတံတားများ ပြုပ်ဆင်ထိန်းသိမ်းခြင်း | | ၅၃၈၂၁.၆၉၂ | | | ၆၆၄၆.၀၁၄ | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၃၉၉.၁၄၅** | | | **၄၁၂.၆၄၄** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၉၉.၁၄၅ | | | ၄၁၂.၆၄၄ | | | |
| ၇ | | **မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး** | **၎င်း** | **၆၇၈.၆၂၃** | | | **၅၀၉.၅၃၀** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၉၇.၀၀၁ | | | ၂၉၁.၁၂၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၈၁.၆၂၂ | | | ၂၁၈.၄၁၀ | | | |
| ၈ | | **အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး** | **၎င်း** | **၁၇.၄၀၁** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၇.၄၀၁ | | | | | | |
| ၉ | | **သမဝါယမ** | **၎င်း** | **၅၉၃.၈၀၆** | | | **၅၈.၉၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၅၇၅.၈၁၀ | | | ၅၀.၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၇.၉၉၆ | | | ၈.၉၀၀ | | | |
| ၁၀ | | **အားကစား** | **၎င်း** | **၅၄၉.၃၃၀** | | | **၁၄၉၇.၉၀၆** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၅၄၉.၃၃၀ | | | ၁၄၉၇.၉၀၆ | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၁၅၅၈.၀၄၂** | | | **၁၁၈၆၆.၃၁၆** | | | |
| | | ပေါင်း | | ၆၈၅၂၃.၇၆၆ | | | ၃၁၃၆၇.၄၃၃ | | | |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| **၁** | | **ပြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသ** | | | **၁၅.၅၉၈** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၅.၅၉၈ | | | | | | |
| **၂** | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၃၄၈၉၆.၁၂၀** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၃၄၈၉၆.၁၂၀ | | | | | | |
| **၃** | | **သတ္တုတွင်း** | **၎င်း** | | | **၂၈.၈၅၀** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂၈.၈၅၀ | | | | | | |
| | | **ပေါင်း** | | | | **၃၄၉၄၀.၅၆၈** | | | | | | |

## ပြည်နယ်ဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂၀.၆၂၄** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၂၀.၆၂၄ | | | | | | |
| ၂ | | **လျှပ်စစ်စွမ်းအား** | **ရင်း** | | | | **၂၁၇၅.၃၂၃** | | | |
| | ၁ | လျှပ်စစ်စွမ်းအားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၁၇၅.၃၂၃ | | | |
| ၃ | | **ဆောက်လုပ်ရေး** | **ရင်း** | **၃၃၁၀၄.၇၈၇** | | | **၅၈၉.၄၅၀** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၃၁၀၄.၇၈၇ | | | ၅၈၉.၄၅၀ | | | |
| ၄ | | **သတ္တုတွင်း** | **ရင်း** | **၆၅.၉၂၄** | | | **၇၇.၈၇၀** | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၆၅.၉၂၄ | | | ၇၇.၈၇၀ | | | |
| | | **ပေါင်း** | | **၃၃၁၉၁.၃၃၅** | | | **၂၈၄၂.၆၄၃** | | | |